# ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆ ။)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကာလစည်းကမ်းသတ်အက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁ ကို အောက်ပါ ပုဒ်မ ၁ ဖြင့် အစားထိုးရမည် -

"1. This Act shall extend to the whole of the Republic of the Union of Myanmar."

၃။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅ ရှင်းလင်းချက်တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို ""the Supreme Court of the Union, a High Court of the Region or a High Court of the State or a District Court" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၄။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ ပထမပိုင်း၊ ဒုတိယပိုင်းနှင့် တတိယပိုင်းတို့တွင် -

(က) အပိုဒ် ၁ ကို ပယ်ဖျက်ရမည်။

(ခ) အပိုဒ် ၁၅၂ နှင့် အပိုဒ် ၁၅၃ တို့၌ ပါရှိသော "the District Court" ဆိုသည့် စကားရပ်ကို "a Court of the Self-Administered Division, a Court of the Self-Administered Zone or a District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) အပိုဒ် ၁၅၂-က နှင့် အပိုဒ် ၁၅၄ တို့၌ ပါရှိသော "the State or Divisional Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High

Court of the State” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) အပိုဒ် ၁၆၁ ကို ပယ်ဖျက်ရမည်။

(င) အပိုဒ် ၁၆၂ နှင့် ၁၈၃ တို့တွင် ပါရှိသော “the High Court” ဆိုသည့် စကားရပ်ကို “a High Court of the Region or a High Court of the State” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) အပိုဒ် ၁၇၃ တွင် ပါရှိသော “article 161 and” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**